The Criminal Law Amendment (Amending) Act 1951
(Act No XXXIV of 1951)

# ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် (ပြင်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် (ပြင်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ရာဇဝတ် ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ဤအက်ဥပဒေ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ဤအက်ဥပဒေတွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ဃ) တွင် "ပြန်၍ စစ်ဆေးကြည့်ရှုရန် အတွက်သော်၎င်း" ဆိုသည့်စကားရပ်အစား၊ "ပြင်ဆင်မှုအဖြစ်ဖြင့်သော်၎င်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင် "ထိုပြန်၍စစ်ဆေးကြည့်ရှုရန်အမှုတွင်" ဆိုသည့်စကားရပ်အစား "ထိုပြင်ဆင်မှုတွင်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၂ တွင်—

(က) ပုဒ်မခွဲ (၂) ၌ "ယင်းသို့ပြစ်မှုထင်ရှား စီရင်ခြင်းကိုအယူခံသည့်အခါ၊ သို့တည်း မဟုတ် ပြန်၍စစ်ဆေး ကြည့်ရှုသည့်အခါ" ဆိုသည့်စကားရပ်အစား "ယင်းသို့ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် စပ်လျဉ်းသည့် အယူခံမှုတွင်၊ သို့တည်းမဟုတ် ပြင်ဆင်မှုတွင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် "ပြန်၍ စစ်ဆေးကြည့်ရှုသည့်တရားရုံးသည်" ဆိုသည့်စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "တရားသေ လွှတ်သော အမိန့်ကို အယူခံသည့်အခါ၊ သို့တည်းမဟုတ် ပြန်၍ စစ်ဆေး ကြည့်ရှုသည့် အခါ" ဆိုသည့် စကားရပ်အစား "တရားသေ လွှတ်သောအမိန့်နှင့် စပ်လျဉ်းသည့်အယူခံမှု၌၊ သို့တည်းမဟုတ် ပြင်ဆင်မှု၌" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင် "ပြန်၍စစ်ဆေးကြည့်ရှုသည့်တရားရုံးသည်" ဆိုသည့် စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁) တွင် "ပြန်၍ စစ်ဆေး ကြည့်ရှုသည့် တရားရုံးက" ဆိုသည့် စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့် တရားရုံးက" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 4, M. of J.A., 10-10-51—2,000—II.

Price,—One anna.]